ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (25-12-2011) (၆၉၈၄)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

## တံတားကြီး ရေရှည်ကြံ့ခိုင်မှုအတွက် စနစ်တကျထိန်းသိမ်းရန်၊ လုံခြုံမှုအလေးထားရန် ဆွေးနွေးလမ်းညွှန်

## အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးအတွက် အဓိကတံတားကြီးအဖြစ် တည်ဆောက်ခြင်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ဧရာဝတီတံတား (ပခုက္ကူ)တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ တံတားတည်ဆောက်ပြီးစီးမှုနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဤဧရာဝတီတံတား(ပခုက္ကူ)အပါအဝင် မြစ်ကူးတံတားကြီးများကို နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားအတွက် ဘဏ္ဍာငွေဘီလီယံပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ရေကြောင်းမှ ဖြတ်သန်းမောင်းနှင်သည့် ရေယာဉ်များအနေဖြင့် ကုန်ပစ္စည်းများ မတန်တဆ တင်ဆောင်မောင်းနှင်ပြီး ရေယာဉ်ကို နိုင်နင်းစွာ ထိန်းသိမ်းကိုင်တွယ်နိုင်ခြင်းမရှိဘဲ တံတားရေလယ်တိုင်များကို မတော်တဆ ဝင်တိုက်မိသည့်ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်တားဆီးမှုအစီအမံများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေယာဉ်မောင်းနှင်သူများဘက်က သတိပြုဆောင်ရွက်သွားနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ကြိုတင်သတိပေးနှိုးဆော်ရန်လိုအပ်သကဲ့သို့ **စာမျက်နှာ ၄ ကော်လံ ၁ သို့◆**

မကြာမီဖွင့်လှစ်မည့် ဧရာဝတီတံတား(ပခုက္ကူ)ကို တွေ့ရစဉ်။ (သတင်းစဉ်)



ကြေးမုံ စာတည်းရှုထောင့်                                                    ၂၅-၁၂-၂၀၁၁[တနင်္ဂနွေနေ့]။

# ဆန္ဒ ဘဝနှင့် စိတ်ငြိမ်းချမ်းမှုရအောင်

ပျော်ရွှင်ချမ်းမြေ့မှုကို ရယူရန်အကောင်းဆုံးအချိန်မှာ မျက်မှောက်ကာလ အချိန်ပင်ဖြစ်သည်။ လူ့စိတ်ဟူသည် အသိရခက်တတ်သည်။ ထိုစိတ်သည်ပင် တစ်ခါတစ်ရံ မိမိဘဝကို တကယ်ရှိသောအခြေအနေထက် ပိုမိုဆိုးရွားလှသည်ဟူသော အထင်အမြင်ကိုဖြစ်စေတတ်သည်။ စိတ်ကကောင်းနေသောအခါ အရာရာမှာ ခက်ခဲလွန်းသည်မရှိ။ ပြဿနာဟူသရွေ့ ကြီးမားလှသည်မဟုတ်ဘဲ လွယ်ကူစွာရှင်းလင်းနိုင်သည်ပင် ဖြစ်သည်။

လူ့အဖွဲ့အစည်း၌ ပြောင်းပြန်ဖြစ်သော အခြေအနေများရှိနေတတ်သည်။ စိတ်သောကဖိစီးမှုအများအပြားကို တောင့်ခံ၍ ရုန်းကန်လှုပ်ရှားနေကြရသည်။ လူတို့၏စိတ်သည် ခန္ဓာကိုယ်ကဲ့သို့ပင် အပူတပြင်းအလုပ်လုပ်နေကြရာ ရံဖန်ရံခါ နားနေခွင့်ရရှိရန် လိုအပ်သည်။ စိတ်ကို ခေတ္တခဏအနားပေးလိုက်ပါက နားပြီးသောခဏ၌ပင် စိတ်ငြိမ်သွားပြီး ဖိစီးအားလည်း လျော့၍သွားသည်။ စိတ်ကူးဉာဏ်ထက်သန်စွာဖန်တီးနိုင်သောအဖြစ်ကို ရရှိသည်။ ပို၍ထက်မြက်ပြတ်သားစွာ လုပ်ရကိုင်ရ ကောင်းမွန်လာသည်။

လောကလူမှုနယ်ပယ်တွင် လူများရှိနေသမျှ ဝိရောဓိများ၊ ပဋိပက္ခများ မလွဲမသွေရှိနေမည်ဖြစ်သည်။ လူများစွာအဖို့ ကသိကအောက်အဖြစ်ရဆုံးမှာ တစ်ဦး၏အကျင့်စရိုက်ကို နားလည်သဘောမပေါက်နိုင်ခြင်း၊ နားလည်မှုမရကြခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးအကြား နားလည်မှုမရကြသည့်အခါ အထင်အမြင် လွဲမှားတတ်ကြသည်။ အပြစ်ကင်းစင်သည်ဟု ထင်မြင်ရမည့်အစား အပြစ်ရှိသည်၊ မလိုတမာပြုလုပ်ချက်နှင့် ကိုယ်ကျိုးကြည့်သည်ဟူ၍ ယူဆဖွယ်ဖြစ်တတ်သည်။

တစ်ဦးနှင့်တစ်ဦး ယုံကြည်ချက် အယူအဆမတူညီကြသည့်တိုင် အတူနေအတူစား အတူလက်တွဲ လုပ်ကိုင်ကြတော့မည်ဆိုလျှင် တစ်ဦး၏ အပြစ်ကင်းစင်မှုကို ရှာဖွေကြည့်ရှုတတ်ရန် လိုသည်။ မိမိမကြိုက်နှစ်သက်သည့်အလုပ်ကို အခြားသူတို့ ပြုလုပ်နေသည့်အတွက် မိမိလည်း အခြားသူတို့ မကြိုက်သည့် လုပ်ရပ်များ မပြုလုပ်မိစေရန် သင်ခန်းစာယူကြရပေမည်။ မိမိတွင် စာနာစိတ်ထားရှိလျှင် အခြားသူ၏အပြစ်ကင်းစင်မှုကို တွေ့ရှိရန် ခဲယဉ်းဖွယ်မရှိနိုင်။ အဆိုပါ အပြစ်မဲ့မှုကို တွေ့သွားသဖြင့် စိတ်အစဉ်တွင် အနှောင့်အယှက်များ ကင်းစင်ကာ ဘဝ၏အလှအပတို့ကို မြင်သာနိုင်မည်သာ။

လူ့ဘဝတွင် လူတိုင်းလူတိုင်း ဆန္ဒကိုယ်စီ ရှိနေကြသည်။ တိုးတက်အောင်မြင်ခြင်းများ၊ ထူးချွန်ထက်မြက်စေလိုခြင်းများ၊ အများတကာထက်သာလွန်စေလိုခြင်းများ၊ လူမျိုးနှင့်ချီ၍ နိုင်ငံနှင့်ချီ၍ ဖွံ့ဖြိုးတိုးတက်စေလိုခြင်းများ စသည့် ဆန္ဒအသီးသီးရှိနေကြမြဲဖြစ်သည်။ သို့သော် လူတိုင်းက လက်ရှိဖြစ်တည်နေသည့် ဘဝကိုသာ အရှိအတိုင်း လက်ခံနေကြရဆဲဖြစ်သည်။ လက်ရှိဘဝအခြေအနေကို အခြေပြုလျက် အကောင်းဆုံးဖြစ်ရန် ပိုမိုကြိုးစားအားထုတ်ကြရန်သာရှိသည်။

ဆန္ဒနှင့်ဘဝသည် တစ်ထပ်တည်းမကျသည့် အခြေအနေမျိုးနှင့် ကြုံဆုံနေရသည့်အခါ လူမှုဝန်းကျင်ဆက်ဆံရေးတွင် စိတ်ရှည်ဖွဲ့သန် သည်းခံမှုဖြင့် အလျှော့အတင်းထားကြရပါမည်။ အပေးအယူ မျှတရပါမည်။ သဘောထားကြီးရပါမည်။ အရာရာကို ငြိမ်းချမ်းသည့်စိတ်ထားအမြော်အမြင်ဖြင့် ရေရှည်အကျိုး မျှော်ကိုးလုပ်ဆောင်ခြင်းဖြင့် ဘဝအသိအမြင်နိုးကြားသောလမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်မည်ဟု ရှုမြင်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ ဒီဇင်ဘာ ၁၇ ရက်တွင် ကွယ်လွန်ခဲ့သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှ H.E. Kim Jong IL, General Secretary of the Worker's Party of Korea, Chairman of the National Defence Commision, DPRK and Supreme Commander of the Korean People's Army အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ယာပုံ)** (သတင်းစဉ်)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် မူလတန်းအဆင့် (ပဋ္ဌာန်းဒေသနာတော်ရွတ်ဆို)ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ ပထမဆုရရှိသော အမက(၁) ဗဟိုအသင်းအား ခရိုင်ပညာရေးမှူး ဦးမြင့်စိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**(ကြေးမုံ)



## Tex Trends India 2012
## ပါဝင်ပြသရန် မြန်မာနိုင်ငံအား ဖိတ်ကြား

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ India Expo Mart, Greater Noida တွင် Ministry of Textiles ဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည့် Tex Trends India 2012 သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသရန် အိန္ဒိယနိုင်ငံ Export Promotion Council for Handicrafts က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားထားကြောင်း သိရှိရသည်။

ပြပွဲသို့ သွားရောက်ပြသခြင်းဖြင့် ဖက်ရှင်အလှဆင်လုပ်ငန်း၊ ကျောက်မျက်ရတနာနှင့် အသုံးအဆောင်ပစ္စည်း၊ ပိုးထည်၊ အထည်ချုပ်၊ အိမ်တွင်းမှုစသည့် ထွက်ကုန်ပစ္စည်းများဆိုင်ရာတို့ကို လေ့လာခွင့်ရရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲသို့ သွားရောက်ပြသလိုသည့် ကုမ္ပဏီအမည်စာရင်း၊ ပစ္စည်းစာရင်း (Invoice)၊ တက်ရောက်မည့် ပုဂ္ဂိုလ်များစာရင်းတို့ကို ဒီဇင်ဘာ ၃၀ ရက်အရောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(အောင်အောင်)

## လူကူးကြိုးတံတားများ ပြုပြင်ဆောက်လုပ်ရေး ဂန့်ဂေါတွင် အလှူငွေပေးအပ်ပွဲကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၂၄**

ဂန့်ဂေါမြို့နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလက မြစ်သာမြစ်ရေ မြင့်တက်သဖြင့် ပျက်စီးသွားသည့် ဂန့်ဂေါ-အနောက်ဂန့်ဂေါ လူကူးကြိုးတံတား၊ သာလင်းရွာ- မြင်သာရွာ လူကူးကြိုးတံတားများပြုပြင်ရန်နှင့် ပိုဦးရွာ -ရွာစည်ရွာ ကွမ်းဇဲချောင်း လူကူးကြိုးတံတား၊ ထီးလင်းမြို့နယ်တွင် လက်ပန်ရွာ-ဝါးရင်းချိုင်ရွာ သံသေချောင်း လူကူးကြိုးတံတားများ ပြုပြင်ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၉ ရက်က ဂန့်ဂေါမြို့ ဖြိုးသီရိရိပ်သာ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ဘီလပ်မြေအိတ် ၂၀၀ ဝယ်ယူရန် တန်ဖိုးငွေကျပ် ၁၆ သိန်းကို သက်ဆိုင်ရာ ရပ်မိရပ်ဖများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။**(အောက်ပုံ)** (၄၆၅)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၅-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**နေ့လယ်ပိုင်း**

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၂၀ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၁၆)**
၁၁း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်စက်ရုံလေး**
၁၂း၄၀ ၇။ ကျန်းမာသုတ
၁၂း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၅)**

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၂၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -တတိယမြောက်ည (အပိုင်း-၂)(ဇာတ်သိမ်း) (ဘုဏ်းသိုက်၊ မာရီနာနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဘုဏ်းသိုက်)
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ကျန်းမာသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၄)**
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၇)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄ - ၁၂ -၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၇၀၀ | ၀. ၀၃၁၉၈ |
| တရုတ် (ယွမ်) | ၆. ၃၃၆၅၀ | ၀. ၁၅၇၈၂ |
| အိန္ဒိယ (ရူပီး) | ၅၂. ၇၃၅၀ | ၀. ၀၁၈၉၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၅၀၀ | ၀. ၃၁၆၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၄၄၅ | ၀. ၇၇၂၅၃ |
| ဂျပန် (ယန်း) | ၇၈. ၀၉၅၀ | ၀. ၀၁၂၈၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၀. ၀၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၆၆၆၉ | ၁. ၃၀၄၃၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၅၂ | ၁. ၅၅၈၈၀ |

**အင်တာနက်။**

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

## ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် အပူဇော်ခံဒေသစာရီကြွချီခဲ့သော ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ခြင်းမဟာမင်္ဂလာအခမ်းအနား မန္တလေးမြို့၌ကျင်းပ

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး၊ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်ပူဇော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၄

**မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီမှစ၍ မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ခမ်းနားထည်ဝါစွာကျင်းပသည်။**



အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သက်တော်ရှည် မန္တလေးမြို့ ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသော ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဇနီး ဒေါ်အေးအေးထွန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့တွင် အပူဇော်ခံထားရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် ဆင်ယင်ခြင်း မင်္ဂလာအခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် ဆင်ယင်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သက်တော်ရှည် မန္တလေးမြို့ ဝါဆိုကျောင်းဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်ဘုန်းတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော သမန္တာမှစ၍ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်တို့ကို နာယူကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နတ်မင်းကြီး ၁၆ ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းမှ အရှေ့ဘက်အဝင်မုခ်ဦးရှိ ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ သီကျူးတီးခတ်ပူဇော်ကြကာ ရတနာဆင်တော်နှစ်စီးက ဦးခိုက်ပူဇော် ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ရတနာရထားယာဉ်တော်အား မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ (၆၂)လမ်းနှင့် (၁၂)လမ်းထောင့် သတ်မှတ်နေရာအထိ အောင်အိုးကိုင်၊ သာသနာအလံကိုင် ဥပါသကာများဦးဆောင်၍ ရတနာဆင်တော်နှစ်စီးဖြင့် ပြန်လည်ပင့်ဆောင်ပူဇော်သည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် မန္တလေးမြို့ (၆၂)လမ်းနှင့် (၁၂)လမ်းထောင့် သတ်မှတ်နေရာမှ နန်းရှေ့(၆၆)လမ်းအတိုင်း၊ နန်းမြို့ရိုးတောင်ဘက် (၂၆)လမ်းမှတစ်ဆင့် (၇၈)လမ်းအတိုင်း၊ တံခွန်တိုင်အဝိုင်းမှတစ်ဆင့် မန္တလေး-နေပြည်တော်-ရန်ကုန်အမြန်လမ်းမအတိုင်း စကားအင်းအဝိုင်းမှတစ်ဆင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် ရတနာရထားယာဉ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်းကို သုံးကြိမ်တီးခတ်၍ ပူဇော်ကြပြီး တရုတ်ဘုန်းတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက ရတနာရထားယာဉ်တော်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချီစက် (High Loader) ပေါ်သို့ အောင်အိုးကိုင်၊ သာသနာအလံကိုင် ဥပါသကာများက ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါလျက် ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက မင်္ဂလာဝန်ချီစက် (High Loader) ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အားပင့်ဆောင်သည့် အထူးလေယာဉ်သည် နံနက် ၁၀ နာရီခွဲတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ရဟန်းရှင်လူပြည်သူအပေါင်း နတ်ရွာနိဗ္ဗာန်အကျိုးစီးပွားအလို့ငှာ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း နိုဝင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ၊ မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင် ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ ယာယီကိန်းဝပ်စံပယ်အပူဇော်ခံခဲ့သည်။ (သတင်းစဉ်)



## ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ကျိုက်ပွန် ကျောက်စာရုံ ရွှေဂူကြီးဘုရားပရိဝုဏ်အတွင်းရှိ ကျောက်စာရုံများနှင့် ကလျာဏီသိမ်ဝင်းအတွင်းရှိ ကျောက်စာရုံများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်အတူ ကမ္ဘောဇသာဒီနန်းတော် မြေနန်းပြာသာဒ်ဆောင် ခင်းကျင်းပြသမှု၊ ကျွန်းလုံးတိုင်ပြတိုက် ခင်းကျင်းပြသမှုနှင့် ဟံသာဝတီ ရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းပြသမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အသိပညာပေး ဟောပြော



**ဒီဇင်ဘာ ၁၄ ရက်က အင်းစိန်မြို့နယ် (က+ခ) (ဂ)ရပ်ကွက်၌ ကျင်းပသော မူးခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း ဟောပြောစဉ်။**
(၆၈၄)

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

### လူးဝစ်ဟာမီလ်တန်အပေါ် အချစ်မပြယ်သေးကြောင်း

# နီကိုးလ် ရှာဇင်ဂါ ဖွင့်ဟ

အဆိုတော် နီကိုးလ် ရှာဇင်ဂါက ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ ချန်ပီယံ လူးဝစ်ဟာမီလ်တန်နှင့် လမ်းခွဲခဲ့သည့်အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ပြီး ဟာမီလ်တန်အပေါ် ချစ်နေဆဲဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ရှာဇင်ဂါက ဗြိတိသျှ ဒေးလီမိုင်ရာသို့ ပြောကြားရာတွင် "ကျွန်မသူ့ကိုချစ်နေဆဲပါ။ အရာအားလုံးက မနေ့ကလိုပါပဲ။ ကျွန်မအတွက် ဒီအကြောင်းတွေပြောဖို့ ခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ အကောင်းဆုံး မိတ်ဆွေများဖြစ်သလို အခင်ဆုံးသူငယ်ချင်းတွေလည်း ဖြစ်ပါတယ်"ဟု ဆိုသည်။

ထို့ပြင် ရှာဇင်ဂါ**(ယာပုံ)**က လူးဝစ်ဟာမီလ်တန်နှင့် လမ်းခွဲခဲ့ရပြီးနောက် ရက်ပ်ပါတင်နီတန်ပါနှင့် ရင်းနှီးကျွမ်းဝင်နေပြီဆိုသော သတင်းများကို ငြင်းပယ်ခဲ့ပြီး "အဲဒီလို လူတွေက ထင်ရာမြင်ရာ ပြောကြတာကိုတော့ ကျွန်မအတွက် စိတ်အရှုပ်ရဆုံးပါပဲ။ ကျွန်မက အဲဒီလို အပြောင်းအလဲမြန်တဲ့ မိန်းကလေးမဟုတ်ပါဘူး" ဟု ဆက်လက်ပြောကြားသည်။

ရှာဇင်ဂါသည် ယခုအခါ ၂၀၁၂ ခုနှစ် နှစ်သစ်ကို စိတ်သစ်လူသစ်ဖြင့် ဖြတ်



သန်းနိုင်ရန် မျှော်လင့်လျက်ရှိပြီး အနုပညာလုပ်ငန်းများအပေါ်တွင်သာ အာရုံအပြည့်အဝစိုက်ထုတ်ပြီး ဘဝစာမျက်နှာသစ်ဖွင့်လှစ်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ***အင်တာနက်။***

**အေဝမ်းစိုး**



### မူးယစ်အန္တရာယ်

**နိုဝင်ဘာ ၂၅ ရက်က ကော့မှူးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မူးခင်းကျဆင်းရေးနှင့် မူးယစ်အန္တရာယ်ကာကွယ်ရေး ဟောပြောပွဲတွင် ဒုတိယရဲမှူးစံလင်း ဟောပြောစဉ်။**
(ကြေးမုံ)





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရွှေချောင်းတံတားပေါ်တွင် ယာယီဘေလီတံတားတည်ဆောက်ထားမှုနှင့် ရွှေချောင်းတံတားသစ် တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

မီဒီယာများကလည်း Awareness လုပ်ရန်လိုအပ်ကြောင်း၊ နှစ်နှစ်တာကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်ခဲ့ပြီးနောက် ဤတံတားကြီးရေရှည်ကြံ့ခိုင်မှုအတွက် စနစ်တကျထိန်းသိမ်းကြရန်နှင့် အားနည်းချက်များရှာဖွေသုံးသပ်ဖော်ထုတ်၍ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ တံတား၏ ကြံ့ခိုင်မှုအတွက်သာမက ရေလမ်းကြောင်းထိန်းသိမ်းမှုအတွက်ပါ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တံတားကြီး၏ လုံခြုံမှုအတွက်လည်း အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးလမ်းညွှန်မှာကြားသည်။

ဧရာဝတီတံတား(ပခုက္ကူ)စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်ခဲ့သည်။ တံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် INDIA- MYANMAR- THAI Tripartite Highway လမ်းမကြီးပေါ်တွင် တည်ရှိပြီး ၎င်း Tripartite Highway လမ်းမကြီးအတွက် အဓိကတံတားကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားကြီးကို ၁၅-၁၂-၂၀၀၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၄-၁၂-၂၀၁၁ ရက်အထိ နှစ်နှစ်ကြာကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။ ယခုအခါ တံတားဖွင့်ပွဲအခမ်းအနားကို မကြာမီကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ တံတားကြီးမှာ ကားလမ်းနှင့်ရထားလမ်း ပူးတွဲပါရှိသည့် မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သည်။ ပင်မတံတားကြီး၊ ချဉ်းကပ်ကားလမ်းနှင့် ချဉ်းကပ်ရထားတံတားများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူဆောက်လုပ်ခဲ့ပြီး ချဉ်းကပ်ရထားလမ်းတာပေါင်များ ဖောက်လုပ်ခြင်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တံတားကြီးမှာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့အတွင်း တည်ရှိသည်။ တံတားကြီး၏ ပင်မတံတားအရှည်မှာ ၁၁၄၁ ပေ ၂ ဒသမ ၁၆ မိုင်၊ ကားလမ်းတံတားအရှည်မှာ စုစုပေါင်း ၁၃၅၃၇ ပေ ၂ ဒသမ ၅၆ မိုင်၊ ရထားလမ်းတံတားအရှည်မှာ စုစုပေါင်း ၂၀၅၉၇ ပေ ၃ ဒသမ ၉၀ မိုင်ရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ ပေနှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်းချဉ်းကပ်တံတားအရှည် ၂၁၀၆ ပေရှိသည်။ ရထားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀ နှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်းချဉ်းကပ်တံတားအရှည် ၉၁၆၆ ပေရှိသည်။

တံတားကြီးပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် ၃ ပေ ၃ လက်မ အကျယ် စုစုပေါင်း ၆ ပေ ၆ လက်မရှိ လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၂ ပေရှိသည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ တံတား၏ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဧရာဝတီတံတား(ပခုက္ကူ) ချဉ်းကပ်ရထားလမ်းစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဤဧရာဝတီတံတား(ပခုက္ကူ)ကို ရထားတံတားကြီး အပါအဝင် တည်ဆောက်ပေးခြင်းသည် ပခုက္ကူခရိုင်အပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ဤတံတားကြီး ဖွင့်လှစ်ပြီးပါက ပခုက္ကူနှင့် ပုဂံညောင်ဦး ရထားခရီးစဉ်ပြေးဆွဲပေးရန်ဖြစ်ကြောင်း ဆွေးနွေးလမ်းညွှန်မှာကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၁၃ ခုကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဧရာဝတီတံတား(ပခုက္ကူ)ချဉ်းကပ်ရထားလမ်း စီမံကိန်းမှာ တစ်ခုအပါအဝင်ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့် တောင်တွင်းကြီး-ပုဂံ-မြင်းခြံရထားလမ်းနှင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် ဖောက်လုပ်ဆဲဖြစ်သည့် ကြံ့ခင်း-ပခုက္ကူရထားလမ်းကို ဆက်သွယ်သွားလာနိုင်ရန် ဤစီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားကြီး၏ ချဉ်းကပ်ရထားလမ်းများနှင့် ဆက်စပ်ရထားလမ်းများ ဖောက်လုပ်ပြီးစီးပါက တံတားကြီးပေါ်မှ ဖြတ်သန်း၍ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံ့ခင်း၊ ပခုက္ကူ၊ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့များနှင့် နိုင်ငံတစ်ဝန်းလုံးရှိ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ရန်ကုန်၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

စီမံကိန်း၏ ပခုက္ကူဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တာပေါင်အရှည်မှာ ၁ ဒသမ ၇၁ မိုင်၊ လက်ပန်ခြေပေါ်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်းတာပေါင်အရှည်မှာ ၂ ဒသမ ၃၀ မိုင်၊ ပင်မတံတားနှင့် ချဉ်းကပ်ရထားလမ်း တံတားများအပါအဝင် စုစုပေါင်းရထားလမ်းအရှည် ၇ ဒသမ ၉၁ မိုင် နှင့် စုစုပေါင်း ရထားသံလမ်းအရှည် ၉ ဒသမ ၂၈ မိုင်ရှိပြီး အများဆုံး ကွေ့ဒီဂရီမှာ ၃ ဒီဂရီဖြစ်သည်။ တံတားဖွင့်လှစ်ပြီးပါက ပခုက္ကူမှ ပုဂံသို့ ရထားစတင်ပြေးဆွဲမည်ဖြစ်ပြီး ခရီးသွားချိန်တစ်နာရီခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပခုက္ကူမြို့သို့ ရောက်ရှိရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့် ပခုက္ကူမြို့မှ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ယင်းနောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရွှေချောင်းတံတားပေါ်တွင် ယာဉ်များဖြတ်သန်း သွားလာနိုင်ရန် အရှည်ပေ ၃၄၀ ရှိ ယာယီဘေလီတံတား တည်ဆောက်ထားမှုနှင့် ရွှေချောင်းတံတားသစ် တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဆက်စပ်ဖောက်လုပ်မည့် အရှည် ၄ မိုင် ၃ ဖာလုံရှိ မြို့ရှောင်လမ်းပေါ်တွင် ရွှေချောင်းတံတားအမှတ်(၂)တည်ဆောက်မည့်နေရာနှင့် အောင်ချမ်းသာရပ်ကွက်တွင် ရေဘေးသင့်ပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် ပခုက္ကူမြို့ ဖွံ့ဖြိုးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။ (သတင်းစဉ်)

**မကြာမီဖွင့်လှစ်မည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

## အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် (Tripartite Highway) လမ်းမကြီး



**အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် Tripartite Highway လမ်းမကြီးပြမြေပုံ။** (သတင်းစဉ်)



## ရောဂါဗေဒဆရာဝန်များညီလာခံ မန္တလေးတွင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒဆရာဝန်များအဖွဲ့၏ (၇)ကြိမ်မြောက် ညီလာခံကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့)တွင် ရတနာပုံခန်းမ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(မန္တလေး)ရှိ ရောဂါဗေဒဌာနများတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာနိုင်ငံ ဆရာဝန်အသင်း)

**မြစ်ကိုမြင်လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့**

# တူရကီနိုင်ငံသို့ ရေနံစိမ်းတင်ပို့မှု ကန်ထရိုက်စာချုပ်များ အီရန်သက်တမ်းတိုး

**တီဟီရန် ဒီဇင်ဘာ ၂၄**

အီရန်နိုင်ငံသည် တူရကီနိုင်ငံသို့ ၂၀၁၂ ခုနှစ်အထိ ရေနံစိမ်း တင်ပို့ရောင်းချရေးဆိုင်ရာ ကန်ထရိုက်စာချုပ်များကို သက်တမ်းတိုးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်အမျိုးသားရေနံလုပ်ငန်းကုမ္ပဏီသည် တူရကီရေနံကုမ္ပဏီအများအပြားနှင့် ရေနံစိမ်းတင်ပို့ရောင်းချရေး ကန်ထရိုက်စာချုပ်များကို သက်တမ်းတိုးပေးလိုက်ကြောင်း၊ ရေနံစိမ်းဝယ်ယူမည့် တူရကီကုမ္ပဏီများအနက် ယင်းနိုင်ငံရှိ အကြီးဆုံးသော ရေနံတင်သွင်းသည့်ကုမ္ပဏီ တူဘရပ်ရှ်လည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ရန် အနောက်အုပ်စုက တိုက်တွန်းနေချိန်တွင် ယင်းနိုင်ငံက ပြည်ပသို့ ရေနံစိမ်းတင်ပို့မှုကို တိုးမြှင့်ပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့သည် နိုဝင်ဘာ ၂၁ ရက်မှစ၍ အီရန်နိုင်ငံ၏ စွမ်းအင်နှင့် ဘဏ္ဍာရေးကဏ္ဍများအား စီးပွားရေးပိတ်ဆို့မှုများပြုလုပ်လျက်ရှိသည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့ပြီးနောက် အနောက်နိုင်ငံများက ယင်းနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုအသစ်များ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် စစ်ရေးရည်မှန်းချက်တစ်ရပ်အတွက် နျူကလီးယား အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံကမူ မိမိတို့နိုင်ငံသည် နျူကလီးယား မပြန့်ပွားရေးစာချုပ်(အန်ပီတီ)၌ ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်ပြီး အိုင်အေအီးအေ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်ဟု ပြောကြားခဲ့သည်။ မိမိတို့သည် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသောရည်ရွယ်ချက်အတွက် အသုံးပြုမည်ဖြစ်ကြောင်း အီရန်အစိုးရက ပြောကြားခဲ့သည်။ **ဆင်ဟွာ။**



**အီရန်နိုင်ငံအလယ်ပိုင်း ရေနံထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာ။**

# ဟော်မုဇ်ရေလက်ကြားတွင် အီရန်စစ်ရေးလေ့ကျင့်မည်

**တီဟီရန် ဒီဇင်ဘာ ၂၄**

ရေနံတင်ပို့ရာ အဓိကလမ်းကြောင်းဖြစ်သည့် ဟော်မုဇ် ရေလက်ကြားတစ်လျှောက်တွင် အီရန်နိုင်ငံက စနေနေ့မှစတင်၍ ၁၀ရက်ကြာ စစ်ရေးလေ့ကျင့်မည်ဟု သတင်းဌာနများက ဖော်ပြကြသည်။

ယခုလစောစောပိုင်းက ယင်းရေလမ်းကြောင်းကိုပိတ်ဆို့ရန် စီစဉ်နေကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့သည်။

ဟော်မုဇ်ရေလက်ကြား၏အရှေ့ပိုင်းနှင့် အိုမန်ပင်လယ်ကွေ့မှ အေဒင်ပင်လယ်ကွေ့အထိ ရေပြင်တစ်ဝန်းတွင် ဒီဇင်ဘာ ၂၄ ရက်မှစ၍ ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း ရေတပ်တပ်မှူး ဗိုလ်ချုပ်ကြီး ဟာဘီပိုလာ ဆာယာရီ၏ပြောကြားချက်ကို ဖားစ်သတင်းဌာနက ကိုးကားဖော်ပြသည်။

အီရန်လွှတ်တော် အမတ်တစ်ဦး၏ ပြောကြားချက်ကို အခြေခံ၍ ယင်းရေလမ်းကြောင်းကို ပိတ်ဆို့မည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်လာပြီးနောက် အီရန်နိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုအစီအစဉ်တွင် ယင်းအချက်မပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**အင်တာနက်။**

# ခရစ္စမတ်အကြိုပွဲတော်ဆင်နွှဲရန် အနောက်ဘက်ကမ်းဒေသ ဘက်သလီဟမ်မြို့၌ ဘုရားဖူး ထောင်ပေါင်းများစွာ စုရုံးရောက်ရှိ

ဘက်သလီဟမ် ဒီဇင်ဘာ ၂၄

**ဘုရားဖူးခရီးသည်များ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ဒေသခံခရစ်ယာန်ဘာသာဝင် ထောင်ပေါင်းများစွာတို့သည် ခရစ္စမတ်ပွဲတော်အကြိုနေ့ အခမ်းအနားများစတင်ရေးအတွက် အနောက်ဘက်ကမ်းဒေသရှိ သမ္မာကျမ်းဝင်မြို့တစ်မြို့ဖြစ်သော ဘက်သလီဟမ်မြို့၌ စနေနေ့တွင် စုရုံးခဲ့ကြကြောင်း သိရသည်။**

ဘက်သလီဟမ်မြို့သို့ ရောက်ရှိလာကြသော ခရစ္စမတ်ပွဲတော်လာ ဧည့်ပရိသတ်များသည် မင်ဂါရင်ပြင်ရှိ ပေ ၅၀ မြင့်သည့် ခရစ္စမတ်သစ်ပင်ကြီးအနီး စုရုံးခဲ့ကြပြီး ပွဲတော်အကြိုနေ့ကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြသည်။

ခရစ္စမတ်ပွဲတော်အကြိုနေ့ သန်းခေါင်ယံ ဝတ်ပြုဆုတောင်းပွဲကို ခရစ်တော်မွေးဖွားခဲ့ရာနေရာအဖြစ် အစဉ်အလာ ယုံကြည်ထားကြသည့်နေရာ၌ တည်ဆောက်ထားသော နေတီဗတီဘုရားကျောင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

**မျှော်လင့်ရ**

ခရစ္စမတ်အားလပ်ရက်ကာလအတွင်း ဘက်သလီဟမ်မြို့သို့ ကမ္ဘာလှည့်ခရီးသည် ၉၀၀၀၀ မျှ လာရောက်မည်ဟု မျှော်လင့်ရကြောင်း အစ္စရေးခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုနှစ် ခရစ္စမတ်ပွဲတော်သည် ပါလက်စတိုင်းဒေသသားများအတွက် နိုင်ငံသစ်တည်ထောင်ရေး မျှော်လင့်ချက်ကို ဆောင်ကြဉ်းပေးလာမည်ဟု မျှော်လင့်ယုံကြည်ကြောင်း ဘက်သလီဟမ်မြို့တော်ဝန် ဗစ်တာဘာတာရှားက ပြောကြားခဲ့သည်။

ပါလက်စတိုင်းမြေပေါ်၌ ဒီမိုကရေစီလမ်းစဉ်ကျင့်သုံးမည့် ပါလက်စတိုင်းလောကီနိုင်ငံတော်ကို မဝေးသောအနာဂတ်တွင် တည်ထောင်နိုင်ရေး မျှော်လင့်ချက်ဖြင့် မိမိတို့သည်လည်း ယခုနှစ် ခရစ္စမတ်ပွဲတော်ကို ပါဝင်ဆင်နွှဲလျက်ရှိကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းမှ ခရစ်ယာန်ဘာသာဝင်များ အထွတ်အမြတ်ထားသည့် သမ္မာကျမ်းဝင် ဘက်သလီဟမ်မြို့တော်သည် အစ္စရေးနိုင်ငံက သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသ၌ တည်ရှိသည်။

**အင်တာနက်။**



**အနောက်ဘက်ကမ်းဒေသ ဘက်သလီဟမ်မြို့၌ ခရစ္စမတ်ပွဲတော်အကြိုအခမ်းအနားတစ်ရပ် ကျင်းပနေသည်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။**

# ဖိလစ်ပိုင် ရေဘေးဒုက္ခသည်များ ယခုနှစ် ခရစ္စမတ်ပွဲတော် နွှဲပျော်နိုင်ခြင်း မရှိ

**မနီလာ ဒီဇင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ရေဘေးဒုက္ခသည် လူထောင်ပေါင်းများစွာသည် ခရစ္စမတ်ပွဲတော်ကို ယာယီခိုလှုံရေးစခန်းများ၌ ဆင်ယင်ကျင်းပခွင့်ရရှိမည်မဟုတ်ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဝါရှီအမည်ရှိ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ လူ ၁၀၀၀ကျော် သေဆုံးပြီး လူ ၁၀၀၀ခန့် ပျောက်ဆုံးလျက်ရှိသည်။

အစိုးရအဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသော ခရစ်ယာန်ဘာသာဝင်များမှာ ယခုနှစ်တွင် ခရစ္စမတ်ပွဲတော်ကို နွှဲပျော်နိုင်မည် မဟုတ်ကြောင်း ကာဂါယန်အိုရိုမြို့၏ မြို့တော်ဝန်က ပြောကြားသည်။

ခိုလှုံရေးစခန်းများ၌ ဒုက္ခသည်များမှာ ဆင်းရဲစွာ နေထိုင်ကြရကြောင်း၊ သောက်သုံးရေရရှိရန်နှင့် မိလ္လာ အညစ်အကြေးစွန့်ပစ်ရန် အခက်အခဲများစွာရှိကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**

# နယ်စပ်ဒေသ၌ လမ်းသစ်ဖောက်လုပ်မှုကိစ္စ နီကာရာဂွါက ကော်စတာရီကာအား တရားစွဲ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၄**

နယ်စပ်ဒေသ၌ လမ်းသစ်ဖောက်လုပ်မှုကြောင့် မိမိ၏ ပိုင်နက်နယ်မြေအတွင်း သဘာဝပတ်ဝန်းကျင်အရ ထိခိုက်ပျက်စီးရသည်ဟုဆိုကာ နီကာရာဂွါနိုင်ငံက ကော်စတာရီကာနိုင်ငံအား ကုလသမဂ္ဂနိုင်ငံတကာတရားရုံး(အိုင်စီဂျေ)၌ တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

**ဆိုးကျိုးသက်ရောက်**

နီကာရာဂွါနိုင်ငံ၏တောင်ဘက် အိမ်နီးချင်းနိုင်ငံဖြစ်သော ကော်စတာရီကာနိုင်ငံသည် နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဆန်ယွန်မြစ်ကမ်းပါးတစ်လျှောက်၌ လမ်းသစ်တစ်လမ်းဖောက်လုပ်ခဲ့ကြောင်း၊ ရလဒ်အားဖြင့် သဘာဝပတ်ဝန်းကျင်အရ ပြင်းထန်သောဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာတရားရုံးတွင် တရားစွဲဆိုထားကြောင်း အိုင်စီဂျေ၏သတင်းကြေညာချက်တွင် ဖော်ပြသည်။

နီကာရာဂွါနိုင်ငံ၏ တစ်ဖက်သတ် လုပ်ဆောင်ချက်များကြောင့် ဆန်ယွန်မြစ်၏ သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်ပြီး ယင်းမြစ်၏ ဂေဟစနစ်များ ထိခိုက်နိုင်ကြောင်း နီကာရာဂွါနိုင်ငံ၏ တရားစွဲဆိုလွှာတွင် ဖော်ပြသည်။

**မြစ်အတွင်းစွန့်ပစ်**

ကော်စတာရီကာနိုင်ငံသည် နယ်စပ်လမ်း ဖောက်လုပ်ခဲ့ရာတွင် ယင်းမြစ်အတွင်း မြေကြီးများ သွန်ပစ်ခြင်း၊ သဘာဝပေါက်ရောက်ပင်များကို အမြစ်မှနုတ်ယူကာ မြစ်အတွင်းသို့ စွန့်ပစ်ခြင်း၊ ခုတ်လှဲခံရသော သစ်ပင်များကို မြစ်အတွင်းသို့ ပစ်ချခြင်းတို့ ပြုလုပ်ခဲ့ကြောင်း နီကာရာဂွါနိုင်ငံက စွပ်စွဲထားသည်။

**ဆင်ဟွာ။**



# ဆိုမာလီယာမှ နိုင်ငံတကာတပ်ဖွဲ့များအတွက် တိုက်ရိုက်စစ်ရေး အကူအညီများ ပေးအပ်ရန် ဗြိတိန်သုံးသပ်နေ

လန်ဒန် ဒီဇင်ဘာ ၂၄

**ဆိုမာလီယာနိုင်ငံ၌ အစ္စလာမ္မစ်ဝါဒီ စစ်သွေးကြွများကို ရင်ဆိုင်တိုက်ခိုက်လျက်ရှိသော နိုင်ငံတကာတပ်ဖွဲ့များအတွက် တိုက်ရိုက်စစ်ရေးအကူအညီများ ပေးအပ်သွားရန် ဗြိတိန်အစိုးရက စဉ်းစားသုံးသပ်နေကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြသည်။**

အမေရိကန်ပြည်ထောင်စုက ကျောထောက်နောက်ခံပြုပေးထားသော ဆိုမာလီယာကြားဖြတ်အစိုးရအဖွဲ့ကို ကူညီပေးနေသည့် အာဖရိကသမဂ္ဂတပ်ဖွဲ့များအတွက် လေကြောင်းမှ ကင်းထောက်ပေးခြင်း သို့မဟုတ် လေကြောင်းထောက်ပို့လုပ်ငန်း လုပ်ဆောင်ပေးခြင်းအပါအဝင် အကူအညီများပေးအပ်နိုင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထွက်ပေါ်လာသော သတင်းများအရ သိရသည်။

ဆိုမာလီယာ ပြည်တွင်းပဋိပက္ခများတွင် ဗြိတိန်နိုင်ငံအနေဖြင့် မြေပြင်တပ်ဖွဲ့များအသုံးပြုပါဝင်ရန် အစီအစဉ် မရှိသော်လည်း လေတပ်အင်အားကို အသုံးပြု၍ နိုင်ငံတကာတပ်ဖွဲ့များအား ကူညီပေးနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အယ်လ်ရှာဘတ်အမည်ရှိ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုနှင့် ရင်ဆိုင်နေရသော အင်အားချည့်နဲ့သည့် ဆိုမာလီယာအစိုးရအဖွဲ့သည် ၎င်း၏ ဩဇာအာဏာကို မိုဂါဒစ်ရှုးမြို့ တစ်ဝိုက်တွင်သာ ဖြန့်ကြက်ထားနိုင်သည်။

ဆိုမာလီယာနိုင်ငံအတွင်းရှိ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ၏ အင်အားမှာ မကြာသေးမီလများအတွင်း သိသိသာသာတိုးမြင့်လာခဲ့ပြီး ဗြိတိန်နိုင်ငံကလည်း ဆိုမာလီယာ ပြည်တွင်းပဋိပက္ခကို ပါဝင်ဖြေရှင်းနိုင်မည့်နည်းလမ်းများအား စဉ်းစားသုံးသပ်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့သည်လည်း ဆိုမာလီယာနိုင်ငံအတွင်း ပြုလုပ်လျက်ရှိသော စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ကြသည်။ **အင်တာနက်။**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲသို့ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၄

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရာသက်ပန်အသင်းဝင် ၃၄၁၄၃ ဦးရှိသည့်အတွက် အောင်မြင်သည့် အသင်းတစ်သင်းဖြစ်ကြောင်း၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ ကူးစက်ရောဂါနှိမ်နင်းရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိတ်ကျန်းမာရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ၊ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အသင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကလေးပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် မိခင်များအနေဖြင့် စံနမူနာကောင်းများ ရရှိစေပြီး မိမိတို့ကလေးများကို ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စောင့်ရှောက်သည့် အတွေ့အကြုံများရရှိလာမည်ဖြစ်ပြီး အနာဂတ်အတွက် ကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိစေနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြသည်။

ယင်းနောက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကလေးများနှင့် မိခင်များအား ဆုများချီးမြှင့်ကြရာ မွေးစမှ(၆)လ၊ (၆)လမှ (၁)နှစ်၊ (၁)နှစ်မှ (၂)နှစ်အထိ ဆုရရှိသော ရင်သွေးငယ်များအား ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောလှထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းတို့က ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမြွှာပူးမွေးဖွားသော မိခင်နှင့်ကလေးများအား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်သက်သက်ဆွေက သားကောင်းမိခင်ဆုရရှိသော မိခင်များအား ဆုများချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းအဖွဲ့ဝင်များနှင့်လည်းတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အမြွှာပူးမွေးဖွားသော မိခင်နှင့် ကလေးများအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပသည့် ၂၀၁၁ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာတန်ဆောင်စာပေပြိုင်ပွဲများသည် ၁၉၅၄ ခုနှစ်ကတည်းကစတင်၍ ပြိုင်ပွဲအမျိုးအစားအလိုက်ကျင်းပပြီး ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည့်အတွက် ကောင်းမွန်ထူးခြားသည့် စီစဉ်ဆောင်ရွက်မှုဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိအတွက် ဝမ်းစာဖြစ်အောင် စာအုပ်စာပေကို လေ့လာဖတ်ရှုကြရန် ဖြစ်သကဲ့သို့ ကိုယ်တိုင်လည်း နှစ်သက်ရာစာပေပုံစံဖြင့် စာကောင်းပေမွန်များကို ကြိုးစားအားထုတ် ရေးသားပြုစုကြရန် လိုအပ်ကြောင်း၊ ထိုသို့အရေးပါသည့် လိုအပ်ချက်များအား ဖြည့်ဆည်းရန်အတွက် ပညာတန်ဆောင်အနေဖြင့် စာပေပြိုင်ပွဲများကို နှစ်ကာလကြာရှည်အောင် အစဉ်တစိုက် ကျင်းပပေးမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးသောင်းခိုင်က ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့၏ စာပေပြိုင်ပွဲများနှင့်ပတ်သက်၍ အကဲဖြတ်သုံးသပ်ချက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံဆရာကြီး၊ ဆရာမကြီးများ၊ ၂၀၁၁ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုရရှိကြသော ဆရာကြီးများနှင့် ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆုရရှိကြသော ပညာတန်ဆောင် ကလောင်ရှင်များအား ထပ်ဆင့်ဂုဏ်ပြုဆုများကို ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးကလည်းကောင်း၊ ပညာတန်ဆောင် စာပေပြိုင်ပွဲတွင် ဘာသာရပ်ရှစ်မျိုး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ပြသထားသည့် ဆုရစာမူများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပညာတန်ဆောင်အဖွဲ့က ထုတ်ဝေသည့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကွန်ကရစ်လမ်းဖွင့်ပွဲများ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် သာကေတမြို့နယ်ရှိ ရတနာလမ်း ကွန်ကရစ်လမ်းချောခင်းနေမှု၊ လမ်းဘေးရေနုတ်မြောင်း တူးဖော်ဖောက်လုပ်နေမှုနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရတနာလမ်းအပိုင်းအား ကွန်ကရစ်လမ်းချော တိုးချဲ့ခင်းကျင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်အိမ်ရာ ဝင်းအတွင်းရှိ ငုဝါလမ်းအား ကျောက်ချောကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၈၈)ရပ်ကွက်ရှိ စိန်ပန်းလမ်း ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲ၊ စကားဝါလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ အမှတ်(၈၉)ရပ်ကွက်ရှိ သထုံလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ ကေတုမတီလမ်း ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲနှင့် အင်ကြင်းလမ်း ကျောက်ချောကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်နှင့် အနံ့လုပ်ငန်းများ စီမံကိန်းဇုန်ကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက်၌ ကွန်ကရစ်ဖျော်စက် (Batching Plant) သစ် တည်ဆောက်ထားရှိမှု၊ ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ တောင်ဥက္ကလာပ မြို့နယ်ဘက်ကမ်း၌ Pile Hacking နှင့် Pile Cap Construction ဆောင်ရွက်နေမှုနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဘက်ကမ်း၌ Pile Cap ကွန်ကရစ်လောင်းပြီးစီးမှု၊ သံဆင်ခြင်းနှင့် Abument ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြောက်ဥက္ကလာပ မြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ ကူးစက်ရောဂါ ကုသဆောင်အသစ် တည်ဆောက်ပြီးစီးမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဈေးများဌာန မရမ်းကုန်း မြို့နယ်ရှိ ဘုရင့်နောင်ဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဘုရင့်နောင်မီးသတ်စခန်းတာဝန်ခံ ဒု-မီးသတ်ဦးစီးမှူး ဦးအောင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဈေးသာယာရေး မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများက မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်များဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြသည်။**(အပေါ်ပုံ)**

ဘုရင့်နောင်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၂၀၀ ကျော်နှင့် ရေဂါလန် ၄၇၀၀၀ ဆံ့ ရေကန်နှစ်ကန်တို့ထားရှိပြီး အရေးပေါ်ရေပက်ဖျန်းနိုင်ရန် မီးသတ်ငုတ်တိုင် ခုနစ်တိုင် မီးသတ်စက်များဖြင့် မီးငြိမ်းသတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(ကြေးမုံ)



**ဒီဇင်ဘာ ၈ ရက်က လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် ပေါ်ဆန်းမွှေး(၂)လမ်းနေ ဦးအောင်ကိုကို- ဒေါ်မိုးမိုးစန္ဒာတို့၏သမီး အမက (၂၉) လယ်ခွဲကျောင်း ပထမတန်း(A)မှ မရွှေယမင်းကိုကို အသက်(၇)နှစ်ပြည့် မွေးနေ့အဖြစ် အဆိုပါကျောင်း၌ အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးစဉ်။** (၃၂၉)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၂၅-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | “သီလပေးနှင့် သီလတန်ဖိုး” ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ) |
| ၆း၂၅ | အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၆၆)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၉)** |
| ၈း၄၀ | Show Room (ဟာသဇာတ်လမ်းတွဲ) |
| ၉း၂၅ | ZAYKABAR MYANMAR OPEN 2012 PRESENTED BY AIR BAGAN ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲ |
| ၉း၃၀ | Sunday Talk [မောင်လူမွှေး(မြန်မာ့မှု)၊ မျိုးမြတ်သူ] |
| ၁၀း၀၀ | ငွေရတုသို့တိုင်ခဲ့ပြီ အထက ရေကြည် |
| ၁၀း၁၅ | ပရအကျိုးသယ်ပိုးနေမည် မေတ္တာဝါဒီ |
| ၁၀း၃၅ | ဗီဒီယိုပြခန်း |
| ၁၁း၀၅ | Activities In The City |
| ၁၁း၂၀ | ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၏ အာစရိယပူဇော်ပွဲ (၁၉၈၃-၁၉၈၈) |
| ၁၁း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၄)** |
| ၁၂း၁၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “ချိန်း” |
| ၁၂း၅၀ | မွေးရန့်တို့ဖြင့် ထုံမွမ်းအပ်သော |
| ၁း၀၀ | “သီလပေးနှင့် သီလတန်ဖိုး” ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ) |
| ၁း၅၀ | အံ့ဖွယ်တစ်မူ“ဆဒ္ဒန်ဂူ” |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | STUDY ABROAD Information Centre (Study in Singapore) |
| ၂း၅၀ | Kid's Show |
| ၃း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၉)** |
| ၄း၃၀ | ဂဏန်းသင်္ချာပျော်စရာ |
| ၅း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၅)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | ထိုင်းကုန်စည်ပြပွဲနှင့် ယှဉ်တွဲ Lolane ဈေးရောင်းပွဲ |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၆၇)** |
| ၇း၄၀ | သွားမယ် စားမယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၉း၁၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၁) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၀)** |
| ၁၀း၂၀ | ဈေးဝယ်လမ်းညွှန် |
| ၁၀း၄၀ | FMF Selection |
| ၁၁း၀၅ | ပန်းချီပြခန်း |
| ၁၁း၁၅ | ဟိုတယ်လမ်းညွှန် |
| ၁၁း၂၅ | မြန်မာ့အဖိုးတန် ကျွန်းပင်များ၏ အန္တရာယ်ပင်စည်ဖောက်ပိုးများ |
| ၁၂း၁၅ | အများမြင်စရာနှစ်ပါးသဘင်မဟာ |
| ၁၂း၅၀ | တိရစ္ဆာန်လေးတွေမွေးကြမယ် |
| ၁း၁၅ | အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရှေးဆိုင်းပညာ |
| ၁း၃၀ | Box Office Movies |
| ၁း၅၀ | အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ |
| ၂း၀၀ | ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ |
| ၂း၃၅ | လမ်းညွှန်ပေးစက် GPS |
| ၂း၅၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၀ | ဒွိတိုင်းဌာနီဧရာဝတီ |
| ၄း၁၅ | ဘဝများ (ရင်ပြင်တော်ဘေးကတဲကလေး) |
| ၄း၃၀ | မောတို့ဌာနီရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ |
| ၄း၅၀ | ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး**

# သမဝါယမကောလိပ်များ အဆင့်မြှင့်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲနေ သမဝါယမကောလိပ်များတွင် အခမဲ့ပညာသင်ကြားရေးစနစ် အကောင်အထည်ဖော်ရန် ဆောင်ရွက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၄

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာရှိ ဗဟိုသမဝါယမအသင်း အစည်းအဝေးခန်းမ၌ကျင်းပသော ဗဟိုသမဝါယမအသင်း၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အသေးစားချေးငွေလုပ်ငန်း (၄)နှစ်ပြည့် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့် သမဝါယမစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ ပါဝင်ဆောင်ရွက်နိုင်ခြင်းကို အသိအမှတ်ပြုသောအားဖြင့် ၂၀၁၂ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် သတ်မှတ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Co-operative Enterprise Build a Better World"၊ "သမဝါယမလူမှုစီးပွားလုပ်ငန်းများဖြင့် ပို၍ကောင်းမွန်သော ကမ္ဘာကြီးဖြစ်အောင် တည်ဆောက်စို့" ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်၏ ရည်ရွယ်ချက်မှာ သမဝါယမအခန်းကဏ္ဍအား ပြည်သူများအကြား ပိုမိုပျံ့နှံ့သိရှိစေရန်၊ သမဝါယမဖွံ့ဖြိုးရေးကို ကမ္ဘာအနှံ့ တွန်းအားပေးလုပ်ဆောင်ရန်၊ သမဝါယမလှုပ်ရှားမှုများ တည်တံ့ခိုင်မြဲစေရေး အထောက်အကူပြုသော မူဝါဒများ ချမှတ်ရန် ဖြစ်ပါကြောင်း။



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဗဟိုသမဝါယမအသင်း၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အသေးစားချေးငွေလုပ်ငန်း (၄)နှစ်ပြည့် ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ပါရှိပါကြောင်း၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ် (ပုဂံ) တို့တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများဖြေဆိုပြီး အောင်မြင်သူ ၁၈၇၁ ဦးကို တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ သမဝါယမကောလိပ်များ အဆင့်မြှင့်တင်ရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို စီးပွားရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိသကဲ့သို့ သမဝါယမကောလိပ်များတွင် အခမဲ့ပညာသင်ကြားရေးစနစ် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်နှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက သမဝါယမပညာရေးဖောင်ဒေးရှင်းမှ သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့တွင် တက်ရောက်မည့် ပထမနှစ် ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ ပညာသင်ကြားရန် လှူဒါန်းငွေကျပ် ၂၈၅ သိန်းကျော်ကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစားချေးငွေလုပ်ငန်းများတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သော အသင်းများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မွန်းလွဲပိုင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းနှင့် ကန်တော်ကြီး ရေချိုငါးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာပေါ်၌ မိကျောင်းလေးမျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် သုံးသုမာမိကျောင်းမျိုး တစ်မျိုးသာကျန်ရှိပြီး ကျန်သုံးမျိုးမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေကြောင်း၊ သာကေတ မိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မိကျောင်းမျိုး ပြန့်ပွားရေး၊ ပြည်သူများ၏ အပန်းဖြေဗဟုသုတရရှိစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေရောက်ရှိနေသော သတ္တဝါများထိန်းသိမ်းနိုင်ရေးကို ပြည်သူများသိရှိလာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာရန် အသိပညာများ ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ မိကျောင်းမွေးမြူရေးစခန်းကို နိုင်ငံတကာအဆင့်မီနိုင်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားမှသာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် GMS အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးခရီးသွားများ (Eco Tourism) များ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး ရေချိုငါးဥယျာဉ်ကို ရှားပါးရေချိုငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊ ငါးမျိုးများကို ဈေးချိုချိုဖြင့် ဖြန့်ဖြူးပေးနိုင်ရန်နှင့် ရေချိုငါးဥယျာဉ်ကို ပြည်သူများအနားယူအပန်းဖြေချိန်တွင် စိတ်ချမ်းသာမှုပေးနိုင်သော အပန်းဖြေစခန်းတစ်ခုအဖြစ် ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၅၈ တွဲ စတင်ရောင်းချရ



နေပြည်တော် ဒီဇင်ဘာ ၂၄

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာပြီး**(ယာပုံ) **ပုလဲအတွဲများကို စတင်ဝယ်ယူကြသည်။**

ပြပွဲတွင် အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၂၄ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲပေါင်း ၄၃ တွဲ စုစုပေါင်း ပုလဲအတွဲ ၂၆၇ တွဲကို ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင်လည်းကောင်း၊ အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ၁၇၆ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲ ၅၄ တွဲ စုစုပေါင်း ကျောက်မျက်အတွဲ ၂၃၀ ကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်လည်းကောင်း၊ အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၁၅၉၂ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၂၂၉ တွဲ စုစုပေါင်း ကျောက်စိမ်း ၁၁၈၂၁ တွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

**တက်ရောက်**

အဆိုပါ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယနေ့အထိ ပြည်တွင်း ရတနာကုန်သည် ၃၇၁၀ နှင့် နိုင်ငံပေါင်းခြောက်နိုင်ငံမှ နိုင်ငံခြားသား ရတနာကုန်သည် ၁၅၉၁ ဦး စုစုပေါင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၅၃၀၁ ဦးတို့ တက်ရောက်ကြသည်။

**အဆင်ပြေစေရန်**

ရတနာကုန်သည်များ ကြည့်ရှုလေ့လာဝယ်ယူရေး အဆင်ပြေစေရန်အတွက် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ပုလဲအတွဲပေါင်း ၅၈ တွဲ ရောင်းချရသည်။ ယခုပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူရန် နောက်နေ့များတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ထပ်မံရောက်ရှိဦးမည်ဖြစ်သည်။

ပြပွဲကာလဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)တွင် ပြပွဲရပ်နားမည်ဖြစ်သည်။ (သတင်းစဉ်)

# ပါမောက္ခ ဒေါက်တာကျော်စိန် စာအုပ်များလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ပါမောက္ခ ဒေါက်တာကျော်စိန် (စိတ်ပညာ) (အငြိမ်းစားပညာရေးဝန်ကြီး) စုဆောင်းထားရှိသော ဗုဒ္ဓဘာသာဆိုင်ရာကျမ်းစာအုပ်များ၊ မြန်မာစာပေစာအုပ်များ၊ မြန်မာနိုင်ငံသမိုင်းဆိုင်ရာစာအုပ်များ၊ ပါဠိအဘိဓာန်နှင့် JBRS (Journal of Burma Research Society) စုစုပေါင်း ၂၂၁ အုပ်ကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ရည်ညွှန်းစာဖတ်ခန်း၌ ကျင်းပသည်။

**အမှာစကား**

အခမ်းအနားတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင် ပါမောက္ခဆရာကြီး ဒေါက်တာကျော်စိန်တို့က အမှာစကားပြောကြားပြီး တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်တင်ဝင်းရည်က စာအုပ်များကို လက်ခံရယူသည်။

**(အောက်ပုံ)**

ဆရာကြီး ဒေါက်တာကျော်စိန် လှူဒါန်းသောစာအုပ်များကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် Special Collection Corner ၌ ထားရှိကြောင်း သိရှိရသည်။ (ကြေးမုံ)



## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ ၁၇ ရက်က တမူးခရိုင် တမူးမြို့လွတ်လပ်ရေးပန်းခြံရှေ့၌ မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်ပွားမှု လျှော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်းဘုတ်ကို တမူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လင်းထွဋ်၊ တမူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)





ရန်ကုန်မြို့ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်တေဇလမ်းနေ ကွယ်လွန်သူ ဦးစစ်လှိုင်အား ရည်စူး၍ ဇနီး ဒေါ်တင်တင်မြ၊ သမီး မခြူးသဥ္ဇာလှိုင်နှင့် မကြည်ပြာနှင်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ ကျပ် ၁၁၁၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ကြေးမုံ)



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ(စတုတ္ထပတ်) လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

# ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ(စတုတ္ထပတ်) လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ စတင်တာထွက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ပါဝင်ဆင်နွှဲလမ်းလျှောက်သည်။**

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် နေပြည်တော် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဇမ္ဗူသီရိမြို့နယ် ရပ်ကွက်အသီးသီးမှ ကျန်းမာရေးကို လေ့လာလိုက်စားသူ ပြည်သူလူထုများ စုစုပေါင်းအင်အား ၉၀၀၀ တက်ရောက် ပါဝင်ဆင်နွှဲကြသည်။

ရွှေဦးစွာ လမ်းလျှောက်ပွဲဆင်နွှဲကြမည့်သူများသည် မြို့မ ဈေးရှေ့စုရပ်၌ အသင့်နေရာယူထားကြပြီး နံနက် ၅ နာရီ ၄၅ မိနစ်တွင် စတင်တာထွက်ကြရာ တောင်ညို-ပျဉ်းမနားလမ်းမ ကြီးမှတစ်ဆင့် သပြေကုန်းအဝိုင်းအထိ လည်းကောင်း၊ သပြေကုန်းအဝိုင်းမှ လက်ယာဘက် ရာဇသင်္ဂဟလမ်းအတိုင်း တပျော်တပါး လမ်းလျှောက်ကြပြီး ကျောက်မျက်ရတနာပြတိုက် ရှေ့၌ ပန်းဝင်ကြသည်။

ထို့နောက် ဝန်ထမ်းများနှင့် ပြည်သူများက ကျောက်မျက် ရတနာပြတိုက်ရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း များကို ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ လှုပ်ရှားမှုကို ယနေ့နံနက် ၆ နာရီတွင် ဒဂုံမြို့နယ် မိုင်ဒါကွင်းရှေ့၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတနှင့် သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များ၊ ဒေသခံပြည်သူ များနှင့် ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲ ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်သူလူထုများ သည် နံနက် ၆ နာရီတွင် မိုင်ဒါကွင်းရှေ့မှ မြို့မကျောင်းလမ်း၊ အလုံလမ်းမှ ပြည်လမ်းတစ်လျှောက် လမ်းလျှောက်ကြပြီး ပြည်သူ့ ရင်ပြင်အတွင်းသို့ ဝင်ရောက်၍ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့် ခန်းများ စုပေါင်းလုပ်ဆောင်ကြသည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လသာ၊ လှိုင်၊ လမ်းမတော်နှင့် အလုံမြို့နယ် များမှ ဒေသခံပြည်သူများ ၆၀၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း လူထုလမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့၌ စုစုပေါင်းအင်အား ၃၇၈၄၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ စုစုပေါင်းအင်အား ၇၅၇၁၃ ဦး၊ မကွေး တိုင်းဒေသကြီး၌ စုစုပေါင်းအင်အား ၃၈၆၁၁ ဦး၊ တနင်္သာရီ တိုင်းဒေသကြီး၌ စုစုပေါင်းအင်အား ၁၆၁၇၂ ဦး၊ ရှမ်းပြည်နယ် ၌ စုစုပေါင်းအင်အား ၄၆၅၀၀ တို့ စုပေါင်းလမ်းလျှောက်ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်(ကြေးမုံ)

***အရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်နေသော်လည်း ပဲတီစိမ်းဈေးကွက်မှလွဲ၍ ကျန်ပဲမျိုးစုံဈေးကွက်များတွင် ဈေးနှုန်းများကျဆင်းခဲ့ပြီး စားသုံးဆီဈေးကွက်များနှင့် စားသောက်ကုန်ဈေးကွက်များတွင်မူ ဈေးကွက်၏ရောင်းလိုအားနှင့် ဝယ်လိုအားပေါ်မူတည်၍ ပေါက်ဈေးအသီးသီးရှိခဲ့သည်။***

**မတ်ပဲ။** ။ *မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၃၉၈၀၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၂၂၅၀၀၊ ပြည်ဈေးကွက်တွင် ငွေကျပ် ၄၃၇၈၀၀၊ ဟင်္သာတဈေးကွက်တွင် ငွေကျပ် ၄၂၂၅၀၀ စသည်ဖြင့် ဈေးနှုန်းအမျိုးမျိုးရှိခဲ့သည်။*

**ပဲတီစိမ်း။** ။ *ဈေးနှုန်းဆက်တိုက်တက်လာသော ဈေးကွက်ဖြစ်သည်။ မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း)ငွေကျပ် ၅၇၆၈၀၀ နှင့် မုံရွာဈေးကွက်တွင် ငွေကျပ် ၅၂၄၈၀၀ တို့ဖြစ်သည်။*

**ပဲစင်းငုံနီ။** ။ *မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၄၀၂၉၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၀၁၁၀၀၊ ပခုက္ကူဈေးကွက်တွင် ငွေကျပ် ၄၅၀၁၀၀ နှင့် ပြည်ဈေးကွက်တွင် ငွေကျပ် ၃၉၈၀၀၀ တို့ဖြစ်သည်။*

**ပဲဆီ။** ။ *ရန်ကုန်ဈေးကွက်တွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၃၇၀၀၊ မန္တလေးဈေးကွက်တွင် ငွေကျပ် ၃၂၀၀၊ မကွေး၊ မုံရွာ၊ ပဲခူးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၃၄၀၀ စသည်ဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့သည်။*

**နှမ်းဆီ။** ။ *ရန်ကုန်နှင့် ပဲခူးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၂၇၀၀၊ မန္တလေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၂၃၀၀ ဝန်းကျင်၊ မကွေးနှင့် တောင်ကြီးဈေးကွက်များတွင် ငွေကျပ် ၂၅၀၀ ခန့်နှင့် စစ်တွေဈေးကွက်တွင် ငွေကျပ် ၃၀၀၀ အထိရှိခဲ့သည်။*

**စားအုန်းဆီ။** ။ *စားအုန်းဆီဈေးနှုန်းများမှာ ရန်ကုန်နှင့် ပဲခူးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၁၇၀၀ ဝန်းကျင်၊ မန္တလေးနှင့် မကွေးဈေးကွက်များတွင် ငွေကျပ် ၁၈၀၀ ခန့်၊ တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၁၉၀၀ တို့ဖြစ်သည်။*

**ငရုတ်သီး။** ။ *ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ တောင်ကြီးနှင့် မြစ်ကြီးနားဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၄၀၀၀၊ မကွေးဈေးကွက်တွင် ငွေကျပ် ၃၅၀၀၊ မုံရွာ၊ ပခုက္ကူနှင့် ပြည်ဈေးကွက်များတွင် ငွေကျပ် ၃၀၀၀ တို့ဖြင့် ဈေးနှုန်းအမျိုးမျိုးရှိခဲ့သည်။*

**ကြက်သွန်နီ။** ။ *ရန်ကုန်၊ မကွေး၊ မုံရွာ၊ ပခုက္ကူနှင့် ပဲခူးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၆၀၀၊ မန္တလေးနှင့် ပြည်ဈေးကွက်တွင် ငွေကျပ် ၇၀၀၊ စစ်တွေဈေးကွက်တွင် ငွေကျပ် ၁၀၀၀ နှင့် မြစ်ကြီးနားဈေးကွက်တွင် ငွေကျပ် ၁၅၀၀ အထိရှိခဲ့သည်။*

**ကြက်သွန်ဖြူ။** ။ *ရန်ကုန်နှင့် မုံရွာဈေးကွက်တွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၃၀၀၀ ဝန်းကျင်၊ မန္တလေး၊ ပြည်၊တောင်ကြီးနှင့် မြစ်ကြီးနားဈေးကွက်များတွင် ငွေကျပ် ၂၀၀၀၊ မကွေး၊ ပဲခူး၊ ပခုက္ကူနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၂၅၀၀ ခန့်တို့ဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့သည်။*

# ကျွမ်းဘားအားကစား တိုးတက်အောင်မြင်ရေး တရုတ်ကျွမ်းဘားကျွမ်းကျင်ပညာရှင် သင်တန်းပို့ချ

ရန်ကုန် ဒီဇင်ဘာ ၂၄

**မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် ကျွမ်းဘားအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရေး ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းဘားကျွမ်းကျင် ပညာရှင် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု ကျွမ်းဘားပို့ချခွင့်ရှိသည့် Ms. Yan Yun Ying က ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ မြန်မာနိုင်ငံကျွမ်းဘားလေ့ကျင့်ရေးစခန်း (ကျိုက္ကဆံ)၌ သင်တန်းများပို့ချလျက်ရှိသည်။**

သင်တန်းသို့ အားကစားဝန်ကြီးဌာနမှ ကျွမ်းဘားအားကစားနည်းကို တာဝန်ယူ ဆောင်ရွက်နေသော နည်းပြအရာရှိများ၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် နည်းပြများ နှင့် လက်ရွေးစင်အားကစားသမား သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇ ဦးတို့အား စာတွေ့၊ လက်တွေ့နှင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ကျင့်သုံးနေသော နောက်ဆုံးပေါ် နည်းစနစ်များကို သင်ကြားပို့ချနေပြီး ကျွမ်းဘားကျွမ်းကျင်ပညာရှင် Ms. Yan Yun Ying အနေဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း များမှ ကျောင်းသား၊ ကျောင်းသူများအား အခြေခံ ကျွမ်းဘားအားကစားနည်းများ ကို သင်ကြားပြသနေကာ အလားအလာ ရှိသော ကျောင်းသား၊ ကျောင်းသူ အားကစားသမားများ ရွေးချယ်ပေးခြင်း၊ အဖွဲ့ချုပ်မှ နည်းပြနှင့် နည်းစနစ်မျုး များအား နောက်ဆုံးပေါ်နည်းစနစ်များ သင်ကြားပို့ချပေးခြင်း၊ အဖွဲ့ချုပ်မှ အမျိုးသား၊ အမျိုးသမီးဒိုင်များအား အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ကျင့်သုံးနေသော နည်းစနစ်များနှင့် ဥပဒေများကို ဆွေးနွေးပို့ချသင်ကြားပေး ခြင်းနှင့် ရွေးချယ်ထားသော အားကစား သမားများအား အဆင့်သတ်မှတ်ပေး ခြင်းများ လုပ်ဆောင်သင်ကြားပို့ချသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းဘား ပို့ချခွင့်ရ တရုတ် ကျွမ်းဘား ကျွမ်းကျင် ပညာရှင် Ms. Yan Yun Ying မြန်မာ နိုင်ငံ ကျွမ်းဘား လေ့ကျင့်ရေး စခန်း (ကျိုက္ကဆံ) ၌ သင် တန်း များ ပို့ချလျက် ရှိစဉ်။**

(အား/ကာ)

# ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၁၁ ခုနှစ် ပထမအကြိမ် ကယား ပြည်နယ်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် ကယားပြည်နယ် ငြိမ်းချမ်းရေးဘောလုံး ကွင်း၌ ဆက်လက်ကျင်းပရာ ကယား ပြည်နယ်(က)အသင်းက ကယန်း ပြည်သစ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကယားပြည်နယ် (ခ) အသင်းက ရပခအသင်းကို သုံးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြ သည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ရွှေကယား အသင်းနှင့် GFA အသင်း၊ KNG အသင်းနှင့် ကယန်းပြည်သစ်အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်း လျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက်က YKKO Group of Companies Limited လက်အောက်ရှိ ရုံးချုပ် ဝန်ထမ်းများနှင့် ဆိုင်ခွဲအသီးသီးမှ ဝန်ထမ်းများစုပေါင်း၍ နံနက် ၅ နာရီတွင် ကန်တော်ကြီး ဂိတ်(၁) (သိမ်ဖြူယာဉ် မောင်းကွင်းနှင့် မျက်နှာချင်းဆိုင်) နေရာ တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ လမ်းလျှောက်ပွဲကို မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်နိုင်က အဖွင့် အမှာစကား ပြောကြားပေးခဲ့ပြီး ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က အမှတ်တရစကားပြောကြားပေးခဲ့သည်။ လမ်းလျှောက်ပွဲတွင် လူဦးရေ ၃၂၀ ခန့် ပါဝင်ခဲ့ပြီး Stallion Lubricant, Device Business Management Acadamy နှင့် Ginger Fitness Centre တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲကို Stallion, Premier, $Max_2o$,Good Morning ပေါင်မုန့်တို့မှ Sponsor ပေးခဲ့ကြသည်။ နေပြည်တော်ရှိ ဆိုင်ဝန်ထမ်းများအတွက် စုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ လကုန်ပိုင်းတွင် ကျင်းပသွားမည်ဖြစ် သည်။

(ကြေးမုံ)

# ကာကာအားခေါ်ယူရန် စိတ်ဝင်စားနေသည့် စပါး၊ ချယ်လ်ဆီးနှင့် အာဆင်နယ်

**လန်ဒန် ဒီဇင်ဘာ ၂၄**

ခရစ္စမတ်ပွဲတော်ကျင်းပရန် အမိမြေ ဘရာဇီးသို့ ပြန်သွားသည့် ရီးယဲလ် ကွင်းလယ်ကစားသမား ကာကာသည် ရီးယဲလ်မက်ဒရစ်တွင် ပွဲထွက်ခွင့် ပျောက်ဆုံးနေသဖြင့် အသင်းပြောင်းရန် စဉ်းစားနေသည်ဟု သတင်းများထွက် ပေါ်လာပြီးနောက် စပါး၊ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့သည် ၎င်းအား ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း သတင်းတစ်ရပ်က ဆိုသည်။

ကာကာသည် လက်ရှိရီးယဲလ်နည်းပြ မော်ရင်ဟိုလက်ထက်တွင် ပွဲထွက် ကစားခွင့် ဆုံးရှုံးနေပြီး ကိုးပွဲသာပွဲထွက် ကစားခွင့်ရရှိထားသည်။ ထို့ကြောင့် ကာကာသည် ၎င်း၏ အနာဂတ်နှင့် ပတ်သက်၍ အပြောင်းအလဲတစ်ခုခု ပြုလုပ်ရန် စဉ်းစားနေခြင်းဖြစ်သည်။

စပါးအသင်းသည် ကာကာကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ သို့သော် ရီးယဲလ် အသင်းသည် ပေါင် ၅၆ သန်းဖြင့် ခေါ်ယူထားသည့် ၎င်းတို့၏ တိုက်စစ်မှူး ကာကာအား ပေါင်သန်း ၃၀ ဖြင့် အပြီး သတ်ရောင်းထုတ်လိုကြောင်း ဖွင့်ဟ ပြောဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် နှစ်က ကာကာအား အငှားစာချုပ်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ ပေ။ ထို့ကြောင့် ယခုတစ်ဖန်ချယ်လ်ဆီး နှင့် အပြိုင်ခေါ်ယူရန် စဉ်းစားလာခြင်း ဖြစ်သည်။ သို့သော် ယခုတစ်ကြိမ် ကြိုးစားမှုသည် အပြီးသတ်စာချုပ်ရန် ဖြစ်ကြောင်း ဆိုသည်။

သို့သော်လည်း ယခုကဲ့သို့ ဘာမျှ မရေရာသေးသည့် စပ်ကူးမပ်ကူးကာလ တွင် မည်သည့်အသင်းသို့ ပြောင်းရွှေ့ မည်ကို ပြောဆိုရန်မှာ ခက်ခဲနေသေး သည်။ ထို့ကြောင့် ကာကာ၏ အနာဂတ် ကို ဇန်နဝါရီအပြောင်းအရွှေ့ ရောက်မှ သာ အတိအကျသိရှိနိုင်မည်ဖြစ်သည်။

***အင်တာနက်။***

**ဟိန်းထက်လင်း(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဝတီတံတား(ရတနာသိယ်)စီမံကိန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

## ရေဝတီတံတား(စင်းခန်း)ကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုနေ့ဂုဏ်ပြုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာရှိ ရေဝတီတံတား(ရတနာသိယ်)တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဝတီတံတား(ရတနာသိယ်) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ တံတားအောက်ထည်ပိုင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် နိုင်ငံတော်သမ္မတအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က တံတားစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေ၊ တံတားနှင့် ဆက်စပ်သွားလာနိုင်သည့် လမ်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တံတားအတွက်လိုအပ်သည့် သံပေါင်များရရှိရေး ဆက်လက်ဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းကတ္တရာခင်းမှုကို ပြီးစီးအောင်ဆောင်ရွက်ရန်၊ မကြာမီ ပြီးစီးတော့မည်ဖြစ်သည့် ရေဝတီတံတား(စင်းခန်း)ကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရန်နှင့် ရေဝတီတံတား(ရတနာသိယ်)သည် ဦးစားပေး(၁) စာရင်းထည့်သွင်းတည်ဆောက်နေသည့် တံတားဖြစ်သည့်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးလမ်းညွှန်မှာကြားသည်။

ရေဝတီတံတား(ရတနာသိယ်)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တို့ကို ဆက်သွယ်ပေးမည့် ရေဝတီမြစ်ကူးတံတားကြီးဖြစ်သည်။

တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က ၂၀၁၀ ခုနှစ် ဧပြီ ၁၆ ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲတက်ရောက်အားပေး

## နိုင်ငံခြားရတနာကုန်သည် ၁၆၀၀ ခန့်နှင့် ပြည်တွင်းရတနာကုန်သည် ၃၇၀၀ ကျော် တက်ရောက်ကြမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

**၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။**

ဖွင့်ပွဲအခမ်းအနားသို့ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အထူးရောင်းချပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာအချိန်တွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**❖

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

